## ဖမ်းဆီးနှိပ်စက်ခံနေရတဲ့ သံဃာတော်တွေကိုထောက်ထားပြီး စာမေးပွဲမဖြေကြဖို့ သံဃာ့ဥရောင်အဖွဲ့ တိုက်တွန်း
## ၂၉ နိုဝင်ဘာ ၂၀၀၇

စစ်အစိုးရကနေဦးစီးကျင်းပမယ့် ပါဠိပထမပြန်နဲ့ ဓမ္မစရိယစာပြန်ပွဲတွေကို ဝင်ပြီးတော့မဖြေဆိုပဲ စစ်အစိုးရကို အဆက်အဆံမလုပ်တဲ့ ပတ္တနိက္ကုဇ္ဇ သပိတ်မှောက်ကံဆောင်မှုကို မြန်မာသံဃာတော်တွေ ဆက်ပြီးလုပ်ဆောင်ဖို့ သာသနဥရောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်က မကြာခင်ကပဲ ထပ်မံတိုက်တွန်းတာပါ။ အဲဒီအဖွဲ့က စစ်အစိုးရမဟုတ်တဲ့ အရပ်ဖက်စာပြန်ပွဲတွေကို အဓိကထား ဖြေဆိုကြဖို့ကိုလည်း သံဃာတွေကို တိုက်တွန်းနေပါတယ်။ အခုလိုမျိုး အစိုးရစာပြန်ပွဲကို ကန့်ကွက် သပိတ်မှောက်ကြမယ်ဆိုရင် စာဖြေ သံဃာတော်တွေအတွက် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိနိုင်မလဲဆိုတာနဲ့ ပတ်သက်လို့ သာသနာ့ဥရောင်အဖွဲ့က အတွင်းရေးမှူး ကိုယ်တော်တပါးဖြစ်တဲ့ အရှင် ဂုဏသရကို ကိုကျော်အောင်လွင် က မေးမြန်း လျှောက်ထားပါတယ်။

*အခုလိုမျိုး စစ်အစိုးရကကျင်းပပေးဖို့စီစဉ်နေတဲ့ ပါဠိပထမပြန်စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုခြင်းအားဖြင့် မြန်မာသံဃာတော်တွေ ကံဆောင်ထားတဲ့ ပတ္တနိက္ကုဇ္ဇန ကံဆောင်မှုနဲ့ ဘယ်လိုလွဲချော်မှုတွေ၊ ဘယ်လို ညီညွတ်မှုတွေရှိတယ်ဆိုတာကို ရှင်းပြပေးပါဘုရား –*

"အခု ဦးပဉ္ဇင်းတို့ အကယ်၍များ သံဃာတော်တွေက လျှောက်လွှာတွေတင်ပြီးတော့ အစိုးရပထမပြန်စာမေးပွဲနဲ့ ဓမ္မစရိယစာမေးပွဲကို ဖြေကြမယ်ဆိုလို့ရှိရင် ဦးပဉ္ဇင်းတို့ ပတ္တနိက္ကုဇ္ဇနကံ ပြုထားတဲ့ဟာနဲ့ ရှေ့နောက်မညီတော့ဘူး ဖြစ်သွားပါလိမ့်မယ်။ ထို့အတူပဲ ထောင်ထဲမှာ ယနေ့ရောက်နေတဲ့ ဦးပဉ္ဇင်းတို့ ညီတော် နောင်တော် ရဟန်းတော်တွေ၊ တိမ်းရှောင်နေရတဲ့ရဟန်းတော်တွေ၊ ရဲဖက်စခန်းမှာရောက်နေရတဲ့ ရဟန်းတော်တွေကို ဦးပဉ္ဇင်းတို့ စော်ကားရာလည်း ရောက်ပါတယ်။ ဒါကြောင့် စစ်အစိုးရက ဒီနှစ်ကျင်းပမယ့် စာမေးပွဲကို ကန့်ကွက်တာက ပတ္တနိက္ကုဇ္ဇနကံနဲ့ ညီညွတ်ပါတယ်။ အကယ်၍ မကန့်ကွက်ပဲနဲ့ သွားဖြေမယ်ဆိုလို့ရှိရင် ပတ္တနိက္ကုဇ္ဇနကံနဲ့ မညီညွတ်ပါဘူး။ ရှေ့နောက် ကွဲလွဲနေပါတယ်။ ဦးပဉ္ဇင်းတို့ အတူတူ မေတ္တာပို့ခဲ့တဲ့ တိုင်းပြည်အတွက်၊ အမျိုးဘာသာ သာသနာအတွက်၊ မေတ္တာပို့ခဲ့တဲ့ ဆရာတော်၊ သံဃာတော်တွေ ယနေ့ ထောင်ထဲမှာရောက်နေတယ်။ အဲဒီဆရာတော်တွေကို စာနာသောအားဖြင့် စစ်အစိုးရကျင်းပမယ့် ဒီနှစ်စာမေးပွဲကို ဦးပဉ္ဇင်းတို့ လုံးဝ သပိတ်မှောက်ရမှာပါ။ မမှောက်ဘူးဆိုလို့ရှိရင် ငါတို့ကတော့ လွတ်လပ်နေတာပဲ၊ ငါတို့ကတော့ ဒီအခွင့်အရေးလေးကို ရအောင်ယူမယ်ဆိုလို့ရှိရင် ခုနက ညီတော် နောင်တော်တွေ၊ ထောင်ထဲကသံဃာတော်တွေကို၊ ဒကာ ဒကာမတွေ၊ ကျောင်းသားတွေကို ဦးပဉ္ဇင်းတို့တွေက သူတို့မျက်နှာကို အိုးမဲသုတ်ရာရောက်ပါတယ်။ အဲဒီတော့ ပတ္တနိက္ကုဇ္ဇနကံကို ထောက်ခံတဲ့အနေနဲ့ ဒီနှစ် စစ်အစိုးရရဲ့ကျင်းပမယ့် ပါဠိပထမပြန်စာမေးပွဲကို ကန့်ကွက်ဖို့လိုပါတယ်။"

*အစိုးရက ကြီးမှူးကျင်းပတဲ့၊ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပတဲ့စာမေးပွဲတွေကို မဖြေခြင်းဟာ သံဃာတော်တွေအတွက် ဘယ်လိုအန္တရာယ်မျိုး ရှိပါသလဲဘုရား –*

"သူတို့လက်ရှိ ဦးပဉ္ဇင်းသိထားတဲ့ဥပဒေအရတော့ မဖြေတဲ့အတွက် မအောင်တာပဲရှိမယ်၊ မအောင်တဲ့အတွက် အရည်အချင်းကလည်း ဘာမှလဲ လျော့မသွားဘူး။ အရည်အချင်းရှိနေရင် ဖြေဖြေ မဖြေဖြေ သူတို့က ပညာတတ်နေတာပဲ။ အဲဒီတော့ အန္တရာယ်အနေနဲ့ ဘာရှိနိုင်လဲဆိုတော့ အခုလောလောဆယ် သူတို့ထုတ်ထားတဲ့ဥပဒေအရဆိုရင်တော့ မဖြေတဲ့အတွက် ဖမ်းရမယ်၊ ဆီးရမယ်ဆိုတဲ့ ဥပဒေ ဘာမှမရှိဘူး။ ဒါပေမယ့် သူတို့ ထပ်ညစ်ပြီးတော့ တခါတည်း ထပ်ပြီးတော့ ပါးစပ်ကထွက်လာတဲ့ ဥပဒေထုတ်မယ်ဆိုရင်တော့ ဒါက မပြောတတ်ဘူး။ သိတဲ့အတိုင်း ဗမာအစိုးရက သူတို့လုပ်ချင်ရာလုပ်တာ၊ တိုင်းပြည်ကို။ သံဃာတော်ကို၊ သာသနာကို၊ လူထုကို လုပ်ချင်တိုင်းလုပ်နေတာဆိုတော့။"

*တင်ပွဲ့ါဘုရား၊ စာမေးပွဲမဖြေရေး၊ ဖြေရေးကိစ္စ၊ ဘယ်လောက်အထိ သံဃာတော်တွေအနေနဲ့ လုပ်ကြမယ်လို့ အရှင်ဘုရားတို့ မျှော်လင့်ထားပါလဲဘုရား –*

"သံဃာဆိုတာက ညီညွတ်တဲ့အဖွဲ့အစည်းတခုပါပဲ၊ ဗုဒ္ဓလက်ထက်ကနေ ယနေ့အချိန်အထိ။ အဲဒီတော့ သူတို့ရဲ့ဆန္ဒတွေကို ဦးပဥ္ဇင်းတို့ ကြားရ၊ မြင်ရ၊ သိရတဲ့အခါမှာ သူတို့ရဲ့ဆန္ဒအားလုံးက မစိုးရိမ်တိုက်တို့၊ ရန်ကုန်က စာသင်တိုက်ကြီးတွေတို့၊ ပခုက္ကူက စာသင်တိုက်ကြီးတွေကနေပြီးတော့ တညီတညွတ်ထဲ အစိုးရစာမေးပွဲကိုမဖြေဖို့ ထောက်ခံလိုက်မယ်၊ မဖြေဖို့ဘက်ကို သူတို့က လုပ်လိုက်ကြမယ်ဆိုလို့ရှိရင် တတိုင်းပြည်လုံးကလည်း အကုန်လုံး ညီညွတ်သွားမှာပါ။ သထုံစာမေးပွဲ၊ မြင်းခြံစာမေးပွဲ။ မော်လမြိုင်က စာမေးပွဲ၊ တခြားတခြားမြို့တွေမှာရှိတဲ့ သာမဏေတွေနဲ့ပတ်သက်တဲ့စာမေးပွဲတွေရှိသေးတယ်။ အဲဒါတွေက နှစ်စဉ် ပုံမှန် သူတို့လတွေနဲ့သူတို့ အစီအစဉ်စွဲပြီးတော့ကျင်းပတာပါ။ အသင်းတခုနဲ့တခုတော့ မတူပါဘူး။"

*ဆိုတော့ အဲဒီစာမေးပွဲတွေက ပုံမှန် အခုအချိန်အထိကျင်းပနေတုန်းပဲဆိုတော့ အခု ဒီ စာမေးပွဲတွေကို ဝင်ဖြေခြင်းအားဖြင့်လည်း သံဃာတော်တွေအတွက်၊ စာသင်ကိုယ်တော်တွေအတွက် ဘာမှ အကျိုးယုတ်စရာမရှိဘူးပေါ့ –*

"ဟုတ်တယ်၊ ဒီစာမေးပွဲတွေကို ဖြေခြင်းအားဖြင့် သံဃာတွေ ဒီစာမေးပွဲတွေကို အောင်သွားလို့ရှိရင်လည်း အစိုးရက အသိအမှတ်ပြုတာ မပြုတာအရေးမကြီးဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ဦးပဥ္ဇင်းတို့ လူထုက အသိအမှတ်ပြုတယ်၊ အသင်းတွေက အသိအမှတ်ပြုတယ်၊ နိုင်ငံတကာက အသိအမှတ်ပြုတယ်။ မြန်မာသံဃာတော်တပါးအနေနဲ့ သာသနာရေးက စာမေးပွဲကိုမဖြေဘူးဆိုရင် ထိခိုက်မှုမရှိပါဘူး။ သူ ဥပဒေနဲ့ ညစ်ပတ်ပြီးတော့ မဖြေရင် သေနတ်နဲ့ပစ်မယ်ဆိုရင်တော့၊ မဖြေရင်ဖမ်းမယ်ဆိုရင်တော့ ဒါက တမျိုးပေါ့ဗျာ။ လက်ရှိဥပဒေအရဆိုရင် စာမေးပွဲမဖြေတာဟာ ကိုယ့်ရဲ့လွတ်လပ်စွာရွေးပိုင်ခွင့်ပဲဆိုတော့ ဘာအပြစ်မှမရှိပါဘူး၊ စာမေးပွဲမဖြေတာ။ ဒီစာမေးပွဲမဖြေတဲ့အတွက် ဒီပြင် အသင်းစာမေးပွဲတွေဖြေမယ်ဆိုလို့ရှိရင်လည်း မြန်မာတတိုင်းပြည်လုံးကနေပြီးတော့ အသိအမှတ်ပြုပါတယ်။ ဥပမာဆိုကြပါစို့၊ ဆရာ့ဆီက စာမေးပွဲအောင်တယ်ဆိုလို့ရှိရင် ဆရာ့ဆီက စာမေးပွဲကိုပဲကြည့်တယ်၊ အစိုးရစာမေးပွဲလောက်ကို သူတို့က စာရင်းထဲမထဲ့တော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဆရာ့ဆီက စာမေးပွဲအောင်ပြီးရင် ဗမာပြည်မှာ စာမေးပွဲအောင်ပြီးပြီလို့ သတ်မှတ်တာကို။ သတ်မှတ်တဲ့အတွက် အစိုးရစာမေးပွဲလိုဟာမျိုးကို၊ နဲနဲနိမ့်တဲ့ဟာမျိုးကို သူတို့က သိပ်ပြီးတော့ကြည့်စရာမလိုတော့ဘူး၊ ဆရာ့ဆီက အောင်ပြီးရင်။ မစိုးရိမ်တိုက်မှာဆိုရင် ဆရာ့ဆီက အောင်မှ စာချဘုန်းကြီးခန့်တာကို။ အကယ်၍ အစိုးရဆီက ဓမ္မစရိယလေးအောင်ယုံနဲ့ စာချဘုန်းကြီးမခန့်ဘူး။ ဆိုတော့ အဲဒါကိုပဲကြည့်ပါ။ အဲဒီတော့ ဆရာ့ဆီကလို၊ အမျိုးသားစာမေးပွဲတွေ၊ အဆင့်မြင့်တာတွေက ဦးပဥ္ဇင်းတို့တိုင်းပြည်မှာ အများကြီးပါပဲ။"

*အဲဒါဆိုလို့ရှိရင် ပတ္တနိက္ကုဇ္ဇနကံဆောင်မှုတွေနဲ့ ဒီလိုမျိုးအရပ်ဖက် ဖြေဆိုမှုတွေက ညီညွတ်တယ်ပေါ့ –*

"ညီညွတ်တယ်၊ ညီညွတ်တယ်၊ ဆန့်ကျင်ဖက် ဘာမှမရှိပါဘူး။"

သာသနာဥရှောင်အဖွဲ့က အတွင်းရေးမှူးကိုယ်တော်တပါးဖြစ်တဲ့ အရှင် ဂုနိသရကို ဦးကျော်အောင်လွင် က မေးမြန်း လျှောက်ထားတဲ့တာဖြစ်ပါတယ်။